

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

## (Chapter 603 - 616)

စာစဉ် - ၄၄

# အပိုင်း ၆၀၃
# အိမ်ပြန်ခြင်း

ကြည့်ရတာ မြင်းအမကြီးက ဝိဉာဉ်စွမ်းအင်ပါတဲ့ မြင်းစာတွေကိုစားပြီး ကျန်းမာပြည့်ဖြိုးနေတာကြောင့် ဖြစ်မည်။ မြင်းပေါက်အသစ်လေးရဲ့ မွေးဖွားမှုက ချောချောမွေ့မွေ့ပဲ ဖြစ်ခဲ့သည်။ ရှောင်ချောင်း ရောက်သွားပြီး မကြာခင်မှာပဲ မြင်းမကြီးက အနီရောင် မြင်းပေါက်လေးတစ်ကောင်ကို သူမကိုယ်တိုင် ဖွားမြင်ခဲ့သည်။ သမားတော်ဝမ် ရောက်လာတဲ့အခါ သူက မြင်းမကြီးနဲ့ သားပေါက်လေးကို ခြေဆုံးခေါင်းဆုံး စစ်ဆေးပြီး နှစ်ကောင်လုံး ကျန်းမာတယ်ဆိုတာ သေချာမှ ပြန်သွားခဲ့သည်။

လေပွေနက်လေးက လူအုပ်ကြားထဲကို တိုးကျိတ်ဝင်ပြီး မတ်တပ်ပင် ကောင်းကောင်း မရပ်နိုင်သေးတဲ့ သနားစရာ အကောင်ငယ်လေးကို လာစူးစမ်းသည်။ သူက မနှစ်မြို့စွာနဲ့ မျက်နှာလွှဲကာ လှည့်ထွက်ဖို့ လုပ်လိုက်သည်။ သို့ပေမယ့် သူ့သခင်က ဒီကောင်လေးကို သူ့ထက် ပိုချစ်သွားမှာ စိုးတာကြောင့် သူ့ရဲ့စိတ်မြန်ပြီး ကလေးဆန်တဲ့ စိတ်ရင်းနဲ့ လုံးဝကွဲပြားစွာဘဲ ဘေးနားမှာ လိမ်လိမ်မာမာလေး ရပ်စောင့်နေလိုက်သည်။ ရှောင်ချောင်းက တခြားမြင်းပေါက်လေးကို အံ့ဖွယ်ကျောက်ရေ တိုက်တဲ့အခါမှာတောင် သူက လုယူဖို့ မကြိုးစားခဲ့ပေ။

မြင်းပေါက်အသစ်လေးက မျိုးကောင်းမြင်းတစ်ကောင် ဖြစ်ပြီး သူ့ရဲ့ကိုယ်ခံအား တိုးတက်စေရန်အတွက် အံ့ဖွယ်ကျောက်တုံးရေတချို့ တိုက်ကျွေးခဲ့သည်။ မြင်းခြံမှာ တစ်ဆောင်းတွင်း ကုန်ဆုံးပြီးနောက် ဒီမြင်းပေါက်လေး

အရှယ်ရောက်လာခဲ့ရင် နှင်းကျားလေးထက် နည်းနည်းလေးမှ နိမ့်ကျမည် မဟုတ်ပေ။ ယွီရှောင်ချောင်းက မြင်းရိုင်းအုပ်ထဲမှာ တခြားဇီးရှိတဲ့ မြင်းမတွေ ရှိနေတာကိုလည်း သတိထားမိသည်။ ထို့ကြောင့် သူမက ထိုမြင်းမတွေနဲ့ သူတို့ရဲ့ အနာဂတ်သားပေါက်လေးတွေကို ကောင်းကောင်း ဂရုစိုက်ပေးဖို့ ကျွမ်းကျင်တဲ့ မြင်းထိန်းတချို့ကို အထူးအနေနဲ့ စေလွှတ်ခဲ့သည်။ ထိုမြင်းပေါက်လေးတွေ အားလုံးက ဒီမြင်းခြံရဲ့ အနာဂတ် မျှော်လင့်ချက်တွေပင် ဖြစ်သည်! ထိုမြင်းတွေရဲ့ နောက်မျိုးဆက်တွေက သူတို့ရဲ့ ကလေးဘဝတစ်ချိန်လုံးကို မြင်းမွေးမြူရေးခြံရဲ့ သက်တောင့်သက်သာရှိတဲ့ ပတ်ဝန်းကျင်မှာသာ ကုန်ဆုံးခဲ့တာကြောင့် အနာဂတ်မှာ ဒီလို ကောင်းမွန်ပြည့်စုံတဲ့ 'အိမ်'ကနေ ထွက်ခွာသွားဖို့ အတော်လေး ဝန်လေးနေကြလိမ့်မယ်ဆိုတာ သူမ ယုံကြည်သည်။

မြင်းရိုင်းအုပ်အတွက် အရာအားလုံး အတည်တကျဖြစ်အောင် စီစဉ်ပြီးသွားတဲ့နောက် ဆယ့်နှစ်လပိုင်းသို့ နီးကပ်လာပြီ ဖြစ်သည်။ ယွီရှောင်ချောင်းက ရာသီဥတု သာယာတဲ့ နေ့တစ်နေ့မှာ သူမရဲ့ အစေခံမလေးတချို့ကို ခေါ်ပြီး မြို့တော်ကို ပြန်ရန်အတွက် ပစ္စည်းအားလုံးကို ထုတ်ပိုးခိုင်းလိုက်သည်။

ထိုအချိန်အတောအတွင်း ခြံကအစောင့်တွေဟာ သူတို့ရဲ့ ရေအရင်းအမြစ်ကို အဆိပ်ခတ်ရန်အတွက် ခိုးဝင်ဖို့ ကြိုးစားခဲ့တဲ့ ပြင်ပသူလျှိုတချို့ကို ဖမ်းဆီးမိခဲ့သည်။ စစ်မေးပြီးတဲ့နောက်မှာ ထိုသူလျှိုတွေက ထူဟာအာ့ဟန်ပုမျိုးနွယ်စုမှ လူတွေဖြစ်ပြီး ရှောင်ရှန်ရဲ့ ဦးနှောက်မရှိတဲ့ ညီဖြစ်သူက စေလွှတ်လိုက်တာဖြစ်ကြောင်း သူတို့ အတည်ပြုနိုင်ခဲ့သည်။

ကြီးမြတ်တဲ့ မင်အင်ပါယာလို ခက်ထန်တဲ့ ကျားတစ်ကောင်ကို သူတို့က အားနွဲ့တဲ့ ကြောင်ပေါက်လေး တစ်ကောင်လို့ တကယ်ပဲ ထင်နေကြတာ

လား? ဒေါသူပုန်ထစွာနဲ့ပဲ ကျူးကျွင်းယန်က လက်နက်ကိုင်စခန်းမှ တပ်သားတချို့နဲ့အတူ ထိုသူလျှိုတွေကို ခေါ်သွားပြီး ထိုမျိုးနွယ်စုကို ည ဘက် အလစ်ဝင်တိုက်ရန် ဦးတည်ထွက်လာခဲ့ကြသည်။ သူတို့အုပ်စုက မျိုး နွယ်စုရဲ့ ဆောင်းတွင်းရိက္ခာတွေ အားလုံးကို မီးရှို့ခဲ့ကာ ကွပ်မျက်ပစ်လိုက် တဲ့ သူလျှိုတွေရဲ့ ဦးခေါင်းတွေကို စခန်းရဲ့ အလံတိုင်မှာ ချိတ်ဆွဲထားခဲ့သည်။ ရည်မှန်းချက်ကြီးတဲ့ ဒီလို ပြင်ပမျိုးနွယ်စုတွေအတွက် သင်ခန်းစာတစ်ခု ကောင်းကောင်းပေးဖို့ လိုအပ်သည်။ မဟုတ်ရင် သူတို့က ဘယ်တော့မှ သင်ယူမှာမဟုတ်ဘူး!

ထူပာအော့ဟန်ပုမျိုးနွယ်စု၏ ထိပ်တန်းစစ်သည်တော်တွေက တာဝေးပစ် ယမ်းလက်နက်တွေရဲ့ ကြမ်းတမ်းရက်စက်မှုကို နောက်ဆုံးမှာ ခံစားဖူးသွား ကြသည်။ အပြတ်အသတ် ရှုံးနိမ့်မှုကို တွေ့ကြုံရပြီးနောက် သူတို့နဲ့ ကြီး မြတ်တဲ့ မင်အင်ပါယာတပ်တွေကြားက ကွာဟမှုကြီးကို နားလည်သွားကြ သည်။ တစ်ဖက်က သူတို့ကို မတိုက်တာက သူတို့ကို ကြောက်လို့မှ မဟုတ် တာ။ အဲ့ဒီအစား မင်အင်ပါယာက သူတို့ကို ပြိုင်ဘက်တစ်ယောက်ဟု မ သတ်မှတ်ဘဲ ခုန်ပေါက်နေတဲ့ ပါမွှားလေးတွေအဖြစ် သဘောထားခြင်းသာ ဖြစ်သည်။

ဆောင်းလယ်ကြီးမှာ သူတို့လို အခေါင်အဖျားမှာနေတဲ့ မျိုးနွယ်စုတစ်ခု အတွက် ရိက္ခာနဲ့ အထောက်အပံ့အပိုတွေ စုဆောင်းဖို့ အင်မတန် ခက်ခဲ သည်။ သူတို့ရဲ့ ဆောင်းတွင်းရိက္ခာ တစ်ဝက်လောက်က မီးလောင်ပြီး ပျက် ဆီးသွားတာကြောင့် မျိုးနွယ်စုဝင် တော်တော်များများက ရှည်လျားတဲ့ ဆောင်းကာလအတွင်း ငတ်ငတ်ပြတ်ပြတ် နေရလိမ့်မည်။ ဒ့ါအပြင် မျိုး နွယ်စုရဲ့ ခေါင်းဆောင်အသစ်က နိုင်လိုမင်းထက်ပြုမှုပြီး စဉ်းစား ဉာဏ်နည်းသည်။ ရာထူးနိမ့် စစ်သည်တော်တွေနဲ့ သာမန်လူတွေက ထို

အပြောင်းအလဲနဲ့ ပတ်သက်ပြီး အတော်လေး မကျေမနပ် ဖြစ်နေကြကာ အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဘုရင်ကြီး ရှောင်ရုန်ရှိစဉ်က အချိန်အခါတွေကို တမ်းတစ ပြုလာကြတော့သည်။

မြင်းမွေးမြူရေးခြံ၏ အစွန်က အပြင်ဘက် အိမ်ဝင်းထဲမှာ ဒဏ်ရာကနေ အပြည့်အဝ သက်သာသွားပြီဖြစ်တဲ့ ရှောင်ရုန်က မျိုးနွယ်စုထဲသို့ သူ့ရဲ့ သစ္စာရှိ အကြံပေးနှစ်ယောက်အား စေလွှတ်ခဲ့ပြီး ဖြစ်သည်။ သူက သူ့ ထီးနန်းကို ပြန်လည်တိုက်ခိုက် သိမ်းယူနိုင်မယ့် သင့်တော်တဲ့အချိန်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေခဲ့သည်။ တော်ဝင်မင်းသားယန်ရဲ့ လက်နက်ကိုင်တပ်တွေ အလစ်ဝင်တိုက်တာကို စတင်တဲ့အချိန် သူက အခြေအနေကို အခွင့်ကောင်းယူပြီး သံပူနေတုန်း ပုံသွင်းခဲ့သည်။ သူက သူ့ အပေါ် သစ္စာရှိနေဆဲဖြစ်တဲ့ စစ်သည်တော်တွေနဲ့ ပြည်သူတွေကို လှုံ့ဆော်ပြီး သစ္စာဖောက်တွေ အားလုံးကို အလျင်အမြန် ဖမ်းဆီးကာ အကျဉ်းချခဲ့သည်။ ထို့ကြောင့် နောက်ဆုံးမှာ သူက ထူဟာအာ့ဟန်ပုမျိုးနွယ်အတွင်း ဆုံးရှုံးသွားတဲ့ သူ့အာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။

ထိုအချိန် မျိုးနွယ်စုက ကြမ်းတမ်းတဲ့ ဆောင်းရာသီအတွက် ရိက္ခာ ပြတ်လပ်မှု အကြပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ ရှောင်ရုန်က ရာထူးမြင့် စစ်သည်တော်တွေ အားလုံးကို အရေးပေါ် အစည်းအဝေးတစ်ခု ခေါ်ပြီး ပြည်သူတွေ လာမယ့်ရာသီမှာ အသက်ရှင်နိုင်ရန်အတွက် ထူဟာအာ့ဟန်ပု ကို ကြီးမြတ်တဲ့ မင်အင်ပါယာရဲ့ လက်အောက်ခံ မျိုးနွယ်စုအခွဲတစ်ခုအဖြစ် ပြုလုပ်ဖို့ စဉ်းစားနေတဲ့အကြောင်း ဖော်ပြခဲ့သည်။ ထိုအကြံကို အပြင်းအထန် မနှစ်သက်တဲ့ ရာထူးမြင့် စစ်သည်တော်တချို့ ရှိပေမယ့် လည်း အများစုကတော့ အခြေအနေကို လက်တွေ့ကျကျ သုံးသပ်နိုင်အောင် ခေါင်းအေးအေး ထားနိုင်ကြသည်။ သူတို့အခြေအနေရဲ့ ပြင်းထန်မှုကို

သဘောပေါက်ကြပြီးနောက် ထောက်ခံမဲတွေ ရလာပြီး ရှောင်ရုန်ရဲ့အကြံက အတည်ပြုသွားခဲ့သည်။

အဲ့ဒီနောက် ရှောင်ရုန်က ကြီးမြတ်တဲ့ မင်အင်ပါယာအောက်မှာ လက်အောက်ခံ နယ်မြေတစ်ခု ဖြစ်ချင်ရတဲ့ သူတို့ရဲ့ စစ်မှန်တဲ့ သဘောထားကို တော်ဝင်မင်းသားယန်ထံ သတင်းပို့ခဲ့တာကြောင့် မင်းသားက ထိုသတင်းကို မြို့တော်ဆီ ပို့ရန်အတွက် ခြေမြန်တော်တစ်ယောက် ချက်ချင်းစေလွှတ်ခဲ့သည်။ ဧကရာဇ်က ဒီညှိနှိုင်းမှုကို စေ့စပ်ဆွေးနွေးရန်အတွက် အရာရှိတချို့ အမြန် စေလွှတ်ခဲ့ပြီး ထူဟာအာ့ဟန်ပုမျိုးနွယ်စုနှင့် သဘောတူလက်မှတ် ရေးထိုးခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ နှစ်စဉ်နှစ်တိုင်း ထူဟာအာ့ဟန်ပုမျိုးနွယ်စုက မင်အင်ပါယာကို ပိုးထည်နှင့် ငွေသားဆက်သပြီး မင်အင်ပါယာက မြောက်ပိုင်းရဲ့ ကြမ်းတမ်းတဲ့ ဆောင်းရာသီတွေကို ဖြတ်ကျော်နိုင်ရန်အတွက် မျိုးနွယ်စုကို လုံလောက်တဲ့ စားစရာနဲ့ အထောက်အပံ့တွေ ပေးသည်။ ဒါ့အပြင် သူတို့က နိုင်ငံနှစ်ခု လွတ်လပ်စွာကုန်သွယ်နိုင်တဲ့နေရာမှာ နှစ်နိုင်ငံကြား စီးပွားရေးဆက်ဆံမှုကို တိုးမြှင့်နိုင်ရန်အတွက် ဈေးကြီးတစ်ခု တည်ဆောက်မှာဖြစ်သည်။

သို့ပေမယ့် ဒါတွေအားလုံးက ရှောင်ချောင်းရဲ့ အိမ်ပြန်ချင်စိတ်ကိုတော့ မသက်ရောက်ခဲ့ပေ။ သူမ ဒီတစ်ခေါက် နှစ်သစ်ကူးကို တုန်ရှန်းရွာပြန်ပြီးပဲ ဆင်နွှဲရမလား? ဒါမှမဟုတ် သူမမိသားစုကို မြို့တော်ခေါ်ပြီးပဲ ဆင်နွှဲရမလား? သူမကိုယ်တိုင် မသေချာတာမို့ သူမမိဘတွေနဲ့ ဒီကိစ္စကို တိုင်ပင်လို့ရအောင် စောစောပြန်ချင်သည်။

တစ်ဖက်မှာတော့ ကျူးကျွင်းယန်က နှင်းမုန်တိုင်းကြီးတစ်ခု ကျရောက်လာဖို့သာ နေ့တိုင်း ဆုတောင်းနေသည်။ အဲ့လိုဆိုရင် သူတို့တွေ မြောက်ပိုင်းမှာပဲ ပိတ်မိနေပြီး သွားလာလို့ရတော့မှာ မဟုတ်ပေ။ အဲ့လိုဖြစ်

ခဲ့ရင် နှစ်သစ်ကူးကို ကောင်မလေးနဲ့ သူနဲ့ နှစ်ယောက်တည်းပဲ ဆင်နွှဲလို့ရပြီ! ဟို မျက်စိစပါးမွေးစူးစရာ အထိန်းတော်ခေါင်းဆောင်စူးကိုပါ ရှင်းထုတ်နိုင်မယ်ဆိုရင် ပိုပြီးတော့တောင် ကောင်းဦးမှာ!

ကံဆိုးစွာပဲ ရာသီဥတုက သူ့ဘက်မပါပေ။ ဆယ့်တစ်လပိုင်းလုံး နေ့တိုင်းနေ့တိုင်း ကြည်လင်တဲ့ ကောင်းကင်နဲ့ နေသာလို့ နေသည်။ သူက သူတို့ရဲ့ထွက်ခွာမှုကို နှောင့်နှေးစေရန်အတွက် တတ်နိုင်သမျှ ဆင်ခြေတွေအကုန်ရှာပေမယ့်လည်း သူမျှော်လင့်စောင့်စားနေတဲ့ နှင်းမုန်တိုင်းက ထိုအချိန်အတွင်း တစ်ခါမှ ပေါ်မလာခဲ့ပေ။

ထုံးစံအတိုင်း အကင်းပါးတဲ့ စူးရန်ကတော့ သူ့ဆန္ဒတွေကို ကြိုမြင်နေတာကြာပြီပင်။ သူလည်း ဟိုကောင်မလေး ရှောင်ချောင်းနဲ့ ပျော်ရွှင်စရာကောင်းတဲ့ နှစ်သစ်ကူးပွဲကို ဆင်နွှဲချင်ပေမယ့် ဒီကောင်စုတ်လေး ကျူးကျွင်းယန်ကိုလည်း သူ့အလိုဆန္ဒတွေအတိုင်း ပြည့်ဝမသွားစေချင်ပေ။ ကျူးကျွင်းယန်က ရှောင်ချောင်း အိမ်ပြန်မှာကို ကြန့်ကြာစေရန်အတွက် နောက်ထပ်ဆင်ခြေတစ်ခု ရှာဖို့ ကြိုးစားနေချိန်မှာ စူးရန်က သူ့အကြံကို စကားတစ်ခွန်းတည်းနဲ့ နှက်ချလိုက်သည်။

"တကယ်လို့ တော်ဝင်မင်းသားယန် အရမ်း အလုပ်ရှုပ်နေတယ်ဆိုရင်လည်း ကျွန်တော်ပဲ ရှောင်ချောင်းကို မြို့တော်ဆီ လိုက်ပို့လိုက်လို့ ဖြစ်ပါတယ်!"

ကျူးကျွင်းယန်က အထိန်းတော်ခေါင်းဆောင်စူးရဲ့ အကြံပြုချက်ကြောင့် ဒေါသထွက်သွားသည်။ ဒီမိန်းမစိုးအိုကြီး တမင်သက်သက် လုပ်နေတာသေချာတယ်! သူက တမင်တကာကို သူနဲ့ ဆန့်ကျင်ပြီးတော့ ကောင်မလေးကို မြို့တော်ဆီ စောစောပြန်အောင် ဖြားယောင်းနေတာ! ဒီမင်းသားကို ဘာက ပိုပြီး ဒေါသထွက်စေသလဲဆိုတော့ ကောင်မလေးက အထိန်းတော်

စူးရဲ့အကြဲကို လက်ခံပြီး သူမခေါင်းကို ညိမ့်နေတာပင်။ သူမက တကယ်ပဲ သူ့ကို နောက်မှာချန်ထားခဲ့ပြီး မျက်နှာလှလှလေး တစ်ခုပဲရှိတဲ့ စူးရန်နဲ့ နှစ်ယောက်ထဲ သွားမယ်ပေါ့လေ?

အဖြစ်အပျက်တွေကို မတတ်နိုင်စွာနဲ့ဘဲ ဆယ့်တစ်လပိုင်းအကုန်မှာ ကျူးကျွင်းယန်တစ်ယောက် ရှောင်ချောင်းနဲ့အတူ မြို့တော်သို့ မပြန်ချင့်ပြန်ချင်ဖြင့် ခရီးထွက်ခဲ့ရသည်။ သူတို့ရဲ့ အထုပ်အပိုးတွေထဲမှာ တန်ဖိုးကြီးသားမွေးသားရေတွေပါတဲ့ လှည်းတချို့လည်း အပိုပါလာခဲ့သည်။ အိမ်ကိုပြန်သယ်လာတဲ့အထဲမှာ တန်ဖိုးအကြီးဆုံး အရာတွေဖြစ်တဲ့ ရှားပါးဆေးမြစ်တွေ အားလုံးကိုတော့ ရှောင်ချောင်းရဲ့ ဆေးသေတ္တာထဲမှာ သိမ်းဆည်းထားသည်။

ဆယ့်နှစ်လပိုင်းအစမှာ ရှောင်ချောင်းတစ်ယောက် နောက်ဆုံးတော့ မြို့တော်သို့ ပြန်ရောက်လာခဲ့သည်။ လေထန်နှင်းထန်တဲ့ နေ့တစ်နေ့၌ ဖန်းဇီကျန်းနဲ့ သူ့ဇနီးတို့က သူတို့ရဲ့ မွေးစားသမီးကို ကြိုဆိုဖို့အတွက် မြို့ပြင်ဆင်ခြေဖုံးတစ်ခုက ရှီလီဇရပ်မှာ စောင့်ဆိုင်းနေတယ်ဆိုတဲ့ သတင်းကို သူမရရှိခဲ့သည်။

"မွေးစားအဖေ မွေးစားအမေ! ဒီလောက်အေးတဲ့နေ့ကြီးမှာ ကျွန်မကို ကြိုဖို့ မြို့တော်ကနေ ထွက်လာခဲ့ကြသေးတယ်ပေါ့!"

ယွီရှောင်ချောင်းက ရထားလုံးထဲကနေ ထွက်လာပြီး သခင်မဖန်းရဲ့ ရင်ခွင်ထဲသို့ စိတ်လှုပ်ရှားစွာနဲ့ ပြေးဝင်လိုက်သည်။ မြို့တော်ရဲ့အဝေးမှာ နှစ်လနီးပါးကြာအောင် ကုန်ဆုံးပြီးနောက် မြို့နဲ့ နီးလာလေလေ ရှောင်ချောင်းတစ်ယောက် သူမရဲ့ ဒီကအမှတ်တရတွေကို ပြန်တွေးမိပြီး သူမရဲ့ ဆွေမျိုးတွေကို သတိရမိလေလေ ဖြစ်သည်။ သူမရဲ့ မွေးစားအဖေနဲ့ မွေးစားအမေက သူမ ပြန်လာတာကို ကြိုဖို့ ထွက်လာခဲ့ကြတာက သူမရင်ထဲကို ထိမိစေ

ပြီး သူမကိုယ်သူမ အရမ်းကံကောင်းတယ်ဟု ခံစားရစေသည်__ သူမကို လွမ်းနေတဲ့သူတွေလည်း ရှိတာပဲ!

သခင်မဖန်းက သူမရဲ့ မွေးစားသမီးကို ခေါင်းအစခြေအဆုံး ဂရုတစိုက် ကြည့်ရှုစစ်ဆေးလိုက်သည်။ ရှောင်ချောင်းရဲ့ အသားအရည်က လင်းလက်ကာ ပန်းနုရောင်သန်းနေတာကို သူမ သတိပြုမိသည်။ ရှောင်ချောင်းရဲ့ ပါးတွေကို ညင်သာစွာ ဖျစ်ညစ်ကြည့်လိုက်တဲ့အခါ အရင်ထက် ပိုပြီး နူးညံ့နေတာကြောင့် ကြည့်ရတာ ကိုယ်အလေးချိန် အနည်းငယ် တိုးလာပုံရသည်။ သခင်မဖန်းက မိန်းမငယ်လေးကို မတ်မတ် ရပ်နိုင်အောင် ကူညီပေးလိုက်ပြီး သူမသမီးက အရပ်လည်း နည်းနည်းရှည်လာတယ်ဆိုတာ သိလိုက်ရသည်။ ဒ့ါအပြင် ကောင်မလေးရဲ့ခန္ဓာကိုယ်မှာ ကောက်ကြောင်းတွေ ပိုရှိလာပြီး အခု သူမက တဖြည်းဖြည်းချင်း ပွင့်လန်းကာ လှပကြော့ရှင်းလာတဲ့ ပန်းလေးတစ်ပွင့် အတိုင်းပင်။

သူမက စိတ်အေးသွားပြီး အပြုံးလေးတစ်ခု ပြုံးလိုက်ကာ

"မင်းရဲ့မွေးစားအဖေပေ့ါ... ဆယ့်နှစ်လပိုင်း ရောက်ပြီဆိုကတည်းက မင်းအကြောင်းတွေကို လိုက်စုံစမ်းနေတာ။ လွန်ခဲ့တဲ့ ရက်ပိုင်းလောက်က တော်ဝင်မင်းသားကျောင်းအိမ်တော်ကနေ မင်း နောက်နှစ်ရက်အတွင်း ပြန်လာတော့မယ်ဆိုတာ သိတာနဲ့ ငြိမ်ငြိမ်ထိုင်ပြီး စောင့်မနေနိုင်တော့ဘူးလေ။ နေ့တိုင်း ဒီမှာပဲ လာလာစောင့်နေတာ။ နှင်းတွေတောင် သူ့ကို မတားနိုင်ဘူး။ ငါလည်း နည်းနည်းလောက် တွက်ချက်ကြည့်တော့ ဒီနေ့ မင်းပြန်ရောက်လာ လောက်တယ်ဆိုပြီး တွေးမိတာနဲ့ သူနဲ့အတူ လိုက်လာခဲ့တာ။ ကြည့်ရတာ မွေးစားအမေရဲ့ ဆဋ္ဌမအာရုံက မှန်ပုံပဲ။ နေ့အမှန်ကို တကယ်ကြီး ရွေးနိုင်ခဲ့တာပဲ။ ဒါက ငါတို့နှစ်ယောက်က နှလုံးသားချင်း ချိတ်ဆက်နေကြတယ်ဆိုတာ ပြနေတာပဲ မဟုတ်လား"

ယွီရှောင်ချောင်းက သူမမွေးစားအမေရဲ့ လက်မောင်းကို ဖက်တွယ်ကာ အနည်းငယ် လှုပ်ရမ်းလိုက်ပြီး ချိုသာတဲ့ အသံလေးနဲ့ ရွှင်မြူးစွာ ပြောလိုက်သည်။

"ဒါဆို သမီးကို မွေးစားအဖေတစ်ယောက်ပဲ စောင့်နေခဲ့တာပေါ့လေ? မွေးစားအမေ, မွေးစားအမေက သမီးပြန်လာတာကို မျှော်မနေဘူးပေါ့ ဟုတ်လား?"

"သူလား မင်းကို မလွမ်းဘဲနေမှာ? မင်း မြို့တော်ကနေ ထွက်သွားချင်းချင်း ငါ့ကို တတွတ်တွတ်နဲ့ နားပူတော့တာပဲ: 'မိန်းကလေးတယောက် အနေနဲ့ ချောင်းအာတစ်ယောက် နယ်စပ်မှာနေရတာ အသားကျပါ့မလား? ချောင်းအာ နယ်စပ်က မြင်းခြံမှာပဲ ရှိနေသေးတာလား? မြင်းတွေ ချောင်းအာကိုများ ထိခိုက်အောင် လုပ်ကြမလား? ချောင်းအာ ဘယ်တော့ ပြန်လာမှာတဲ့လဲ? ချောင်းအာ အခုချိန်လောက်ဆို ပြန်လာသင့်နေပြီ မဟုတ်ဘူးလား? ဘာလို့ ဒီလောက်အကြာကြီး သွားနေတာလဲ? တစ်ခုခု ဖြစ်တာတော့ မဖြစ်နိုင်ပါဘူးနော် ဟုတ်တယ်မလား...' နေ့တိုင်းနေ့တိုင်း ဒါတွေပဲ တတွတ်တွတ် မေးပြီး ငါ့ကို ခေါင်းမူးအောင်လုပ်တာ။ မင်းမောင်လေးကတောင် သူ့ဆီကနေ သင်ပြီး သူ့အစ်မကြီး ဘယ်တော့ ပြန်လာမှာလဲဆိုပြီး စမေးပါလေရော!"

ဖန်းဇီကျန်းက သူ့သမီးရဲ့ နက်မှောင်နူးညံ့တဲ့ ဆံပင်တွေကို ညင်သာစွာ ပွတ်သပ်ကာ မျက်နှာပေါ်မှာ ကူကယ်ရာမဲ့တဲ့ အမူအရာတစ်ခုနဲ့ သူ့မိန်းမ အကြောင်း တိုင်တန်းလိုက်သည်။

ကျူးကျွင်းယန်က ဘေးနားမှာ တိတ်တဆိတ် မတ်တပ်ရပ်နေပြီး သူတို့ သုံးယောက် စကားပြောလို့ ပြီးတဲ့အထိ စောင့်ပြီးနောက် သူ့ရဲ့အနာဂတ် ယောက္ခမလောင်းတွေကို နှုတ်ခွန်းဆက်သရန်အတွက် ရှေ့သို့လျှောက် သွား

လိုက်သည်။ သို့ပေမယ့် သူရလိုက်တာက စစ်သူကြီးဖန်းရဲ့ မနှစ်မြို့တဲ့ မျက်စောင်းတစ်ချက်ပင်__ သူ့သမီးကို မြင်းမွေးမြူရေးခြံ တည်ထောင်တာမှာ ကူညီခိုင်းဖို့ ခေါင်ဖျားဝေးလံတဲ့ နယ်စပ်ဆီ ခေါ်သွားတဲ့သူက ဒီကောင်လေးပဲ။ မိန်းမပျိုလေးတစ်ယောက်ကို မြင်းခြံတစ်ခု ဆောက်ဖို့အတွက်နဲ့ နယ်စပ်အစွန်အဖျားရဲ့ ခက်ခဲကြမ်းတမ်းတဲ့ အခြေအနေတွေထဲမှာ နေခိုင်းတာက ဒီကောင်စုတ်လေးဆီကနေသာ ထွက်လာမယ့် အကြံဉာဏ်ပဲ!

ဖန်းဇီကျန်းက တော်ဝင်မင်းသားတစ်ပါးဖြစ်တဲ့ ကျူးကျွင်းယန်ကို ဘွင်းဘွင်းရှင်းရှင်း လျစ်လျူရှုကာ အဲ့ဒီအစား အထိန်းတော်ခေါင်းဆောင်စူးကိုပဲ နွေးနွေးထွေးထွေး နှုတ်ဆက်ပြီး သူ့မွေးစားသမီးကို ဂရုစိုက်ပေးခဲ့လို့ ကျေးဇူးပင်တင်လိုက်သေးသည်။

ကျူးကျွင်းယန် : ကောင်မလေးကို ဂရုစိုက်ပေးခဲ့တဲ့သူက ဒီမင်းသားဆိုတာ အရှင်းကြီးပါနော်၊ ဟုတ်ပြီလား? ဘယ်လိုလုပ် ဟိုမိန်းမစိုးအိုကြီးနဲ့ ဆိုင်သွားရတာလဲ?

"ကဲ စကားပြောချင်တယ်ဆိုရင်လည်း မြို့တော်ပြန်ရောက်မှ ပြောကြရအောင်။ အခု လေပြင်းပြီး နှင်းတွေကျနေတာ ကျွန်မတို့သမီးလေးကို အအေးမိသွားစေလို့ မဖြစ်ဘူး!"

သခင်မဖန်းက သူမသမီးရဲ့ လက်ကိုဆွဲကာ ရှောင်ချောင်းရဲ့ ရထားလုံးပေါ်သို့ သွားလိုက်သည်။ ရထားလုံးထဲကို ဝင်ပြီးနောက်မှာ အတွင်းပိုင်းက ကျယ်ဝန်းကာ ချောင်ချောင်ချိချိရှိပြီး သေသေချာချာ ပြင်ဆင်ထားတာကို သူမ တွေ့လိုက်ရသည်။ ရထားလုံးထဲမှာ သားမွေးစောင်တွေ ရှိပြီး ထိုင်ရတာ ပိုပြီး သက်တောင့်သက်သာ ရှိစေရန်အတွက် ထိုင်ခုံတွေပေါ်မှာ ဖော့ခုံတွေရှိသည်။ ဒါ့အပြင် ရထားလုံးထောင့်မှာ အတွင်းပိုင်းတစ်ခုလုံးကို သက်တောင့်သက်သာရှိတဲ့ အပူချိန်တစ်ခုနဲ့ နွေးထွေးစေတဲ့ မီးသွေးဖိုတစ်ခု ရှိ

သည်။

ရှောင်ချောင်းက သူမမွေးစားအမေရဲ့ ဘေးမှာ တိုးကပ်ထိုင်ပြီး သူတို့နှစ်ယောက်က အိမ်တော်အကြောင်းကို စပြီး စကားဖောင်ဖွဲ့ကြသည်။ သခင်မဖန်းက သူမကို သတင်းကောင်းတချို့ ပြောပြလိုက်သည်။

"မင်းအဖေနဲ့အမေက မင်း တာဝန်တစ်ခုနဲ့ နယ်စပ်ကိုသွားရပြီး ဆယ့်နှစ်လပိုင်းမှ ပြန်လာမယ်ဆိုတာ သိကြတော့ မင်းကို ထန်ကူဆီ နောက်ထပ်ခရီးဆက်နေရမှာစိုးတာနဲ့ လကုန်ပိုင်းလောက်မှာ သူတို့တစ်မိသားစုလုံးမြို့တော်ဆီ လာဖို့ ဆုံးဖြတ်လိုက်တယ်တဲ့"

"ကျွန်မမိဘတွေက နှစ်သစ်ကူးဆင်နွှဲဖို့ မြို့တော်ကို လာကြမှာတဲ့လား! ဒါဆို ထန်ကူက သူတို့လုပ်ငန်းတွေကရော?"

ထန်ကူမြို့က ဖန်လုံအိမ်တွေအောက်မှာ ရာသီလွန် ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးထားတဲ့ သူတို့ရဲ့ စိုက်ပျိုးခြံက မူပေါင်းတစ်ထောင်ရှိသည်။ ပုံမှန်အားဖြင့် သူမအဖေနဲ့ အစ်ကိုကြီးတို့က နေ့စဉ် လုပ်ငန်းဆောင်တာတွေကို စီမံနေရတာကြောင့် ဒီအချိန် သူတို့ထွက်လာဖို့ တကယ်ပဲ အဆင်ပြေပါ့မလား?

သခင်မဖန်းက သူမသမီးရဲ့လက်ကိုပုတ်ကာ ပြောလိုက်သည်။

"စိုက်ပျိုးခြံက ကြီးကြပ်ရေးမှူးတွေက အလကား စားနေသောက်နေကြတာလား? မြေကွက်နဲ့ စီးပွားရေးလုပ်ငန်း ပိုင်ရှင်တိုင်းက အရာအားလုံးကို သူတို့ကိုယ်တိုင် စီမံနေရမယ်ဆိုရင် ကြီးကြပ်ရေးမှူးတွေ ရှိနေတာ ဘာအတွက်လဲ? မင်းနော် အသက်ငယ်ငယ်လေးနဲ့ အားလုံးလိုက်ပြီး စိုးရိမ်ရတာ ကြိုက်တာပဲ။ မင်းတို့မိသားစု ဖန်လုံအိမ်ထဲမှာ ဟင်းသီးဟင်းရွက်စိုက်တာ ဒါ ပထမဆုံးနှစ်လည်း မဟုတ်တာကို စိုက်ပျိုးခြံမှာ အတွေ့အကြုံရှိတဲ့ အကူတွေ အများကြီး ရှိမှာပါ။ မင်းမိဘတွေက တစ်လပြည့်အောင်တောင်

မနေပါဘူး။ ဒီကြားထဲ ဘာပြဿနာများ ပေါ်လာနိုင်မှာ မလို့လဲ?"

"မွေးစားအမေပြောတာ မှန်တယ်! ဖန်လုံအိမ်တွေကို တာဝန်ယူရတဲ့ ကြီးကြပ်ရေးမှူးတင်းက အသက်ငယ်ပေမယ့် တော်တော်လေး အရည်အချင်းရှိတယ်! ဒါက သူ့ကိုစမ်းသပ်ဖို့ အချိန်ကောင်းလည်း ဖြစ်နိုင်တယ်။ တကယ်လို့ သူ အားလုံးကို မကိုင်တွယ်နိုင်ဘူးဆိုရင် သူ့နေရာကို အစားထိုးဖို့ ကြီးကြပ်ရေးမှူး အသစ်တစ်ယောက်ရှာတာ ကောင်းလိမ့်မယ်။ အဲ့လိုဆို ကျွန်မအဖေနဲ့ အစ်ကိုကြီးတို့ အလုပ်ပိပြီး ပင်ပန်းစရာမလိုတော့ဘူး!"

ယွီရှောင်ချောင်းက သဘောတူစွာနဲ့ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

သခင်မဖန်းက သူမခေါင်းကို ပုတ်ပြီး ညင်သာစွာ ပြောလိုက်သည်။

"မင်း ခရီးအဝေးကြီးလာခဲ့ရလို့ ပင်ပန်းနေတယ်မလား? လာ အမေ့ပေါ်မှီပြီး နည်းနည်း အိပ်လိုက်။ အိမ်ပြန်ရောက်ရင် နှိုးလိုက်မယ်! မင်းမောင်လေးက မင်းကိုပဲ တမေးမေးဖြစ်နေတော့ စစ်သူကြီးအိမ်တော်ကို အရင် ပြန်ကြမယ်။ မင်းသာ မြန်မြန်ပြန်မလာရင် သူအရမ်း ဂျီတိုက်ပြီး ဝုန်းဒိုင်းကြဲတော့မယ်ဆိုတာ သေချာတယ်!"

သခင်မဖန်းပြောနေတဲ့ ‘မင်းမောင်လေး’ဆိုတာက ယခုနှစ်မှာ သုံးနှစ်ထဲဝင်လာပြီဖြစ်တဲ့ သူမရဲ့သားအရင်းလေး ဖန်းဟောက်လင်းပင် ဖြစ်သည်။

***